## သင့်ကလေး၏ပညာရေးတွင် ပူးပေါင်းဆောင်ရွက်ခြင်း

သင့်ကလေး၏ပညာရေးတွင် တက်တက်ကြွကြွပူးပေါင်းဆောင် ရွက်သူတစ်ဦးဖြစ်သဖြင့် သင်သည် သင့်ကလေး၏ ကျောင်းနှင့် ဘဝမှာ အောင်မြင်မှုရရှိရန်အတွက် ကူညီပြင်ဆင်ပေးနိုင်မည် ဖြစ်သည်။ သင်သည် သင့်ကလေးအား အိမ်တွင် စပိန်ဘာသာစကားကို ဆက်လက်ပြောဆိုပြီး ဖတ်ပြပေးမည်ဟု မျှော်လင့်ပါသည်။ အိမ်တွင် မိမိဘာသာစကားကို ပြောဆိုခြင်းသည် သင့်ကလေး အား ကျောင်းတွင် ပညာသင်ယူရာ၌ အခြေခံရရှိစေမည်ဖြစ်သည်။ ဘာသာစကားနှစ်ခု သို့မဟုတ် နှစ်ခုထက်ပို၍ပြောတတ်ပြီး ကျောင်းပြီးမြောက်သော လူငယ်များသည် ကျောင်းပြီးမြောက်ပြီးနောက် ပိုမိုကောင်းမွန်သော အလုပ်အကိုင် အခွင့်အလမ်းများစွာ ပိုမိုရရှိပါသည်။



## နောက်ထပ်အချက်လက်များ

သင်သည် သင်၏ကျောင်းတွင် ရရှိနိုင်သော MLE အစီအစဉ်များနှင့်ပတ်သက်၍ ပိုမိုသိရှိလိုပါက ကျောင်းရုံးခန်းရှိလူများက သင့်မေးခွန်းများကို ဖြေကြားပေးနိုင်မည်ဖြစ်သည်။

သင့်တွင် သင့်ကျောင်းသားအတွက် သင့်လျော်သော MLE အစီအစဉ်ကို ရွေးချယ်ခြင်းနှင့်ပတ်သက်၍ နောက်ထပ်မေးမြန်းလိုသည်များရှိပါက သို့မဟုတ် အချက်အလက်များ ပိုမိုသိရှိလိုပါက ဖုန်း 720-423-2040 သို့ ခေါ်ဆိုပါ။ ကျွန်ုပ်တို့၏ ဘာသာစကားနှစ်မျိုးသုံး ဝန်ထမ်းများမှ သင့်အား အဖြေများ ဖြေကြားပေးမည်ဖြစ်သည်။

*MLE မိဘရွေးချယ်စရာများ ဗီဒီယို* - **https://bit.ly/2BnoCzB**

*MLE အရေးပေါ်ဖုန်းနံပါတ်*
720-423-2040

*ဝက်ဘ်ဆိုက်*
mle.dpsk12.org

*Burmese*



# DPS MLE အစီအစဉ်များ

အင်္ဂလိပ်ဘာသာစကား သင်ကြားနေသည့် ကျောင်းသူကျောင်းသားများအတွက်

DENVER PUBLIC SCHOOLS

Discover a World of Opportunity™

# DPS မှ ကြိုဆိုပါသည်။



DPS တွင် ကျွန်ုပ်တို့ ကျောင်းသားများမှ စာသင်ခန်းများဆီသို့ ယူဆောင်လာသော ဘာသာစကားနှင့် ယဉ်ကျေးမှုနောက်ခံ အမျိုးမျိုးတို့သည် ကျွန်ုပ်တို့၏ကျောင်းများကို တန်ဖိုးမြင့်မား စေပါသည်။ ၎င်းတို့သည် အင်္ဂလိပ်ဘာသာ ကျွမ်းကျင်မှုဖြင့် ပေါင်းစပ်ထားသည့် အရည်အသွေးများဖြစ်ပြီး ကျောင်းသားများအား ကျောင်းနှင့်ဘဝတစ်လျှောက်တွင် အောင်မြင်မှု ရရှိစေရန် အထောက်အကူပြုပါသည်။ ကျွန်ုပ်တို့၏ ဘာသာစကားစုံ ပညာရေး —သို့မဟုတ် MLE — အစီအစဉ်များကို သင့်ကလေး အဖတ်၊ သချာ်နှင့် သိပ္ပံကဲ့သို့ ဘာသာရပ်များ လေ့လာနေစဉ် တစ်ချိန်တည်းတွင် အင်္ဂလိပ်ဘာသာစကား သင်ယူရာ၌ သင့်ကလေးအား ကူညီပေးရန် အထူးစီစဉ်ပြုလုပ်ထားပါသည်။

DPS MLE အစီအစဉ်များသည် ထောင်ပေါင်းများစွာသော ကျောင်းသားများအား ကျောင်းများတွင် အောင်မြင်မှုရရှိစေပြီး ကောလိပ်နှင့် အသက်မွေးဝမ်းကျောင်းအတွက် အဆင်သင့် ကျောင်းပြီးမြောက်ထားစေရန် အထောက်အကူပြုပေးနေပါသည် - ပုံမှန်သင်ကြားရေး စာသင်ခန်းများဆီသို့ ပြောင်းရွှေ့ရန် အဆင်သင့်ဖြစ်သည်အထိ MLE အစီအစဉ်တစ်ခုတွင် တက်ရောက်သော ကျောင်းသားများသည် MLE အစီအစဉ်တစ်ခု တက်ရောက်ဖူးခြင်းမရှိသော ကျောင်းသားများထက် ကျောင်းပြီးမြောက်နှုန်း ပိုမြင့်ပါသည်။

## MLE အစီအစဉ်ဆိုသည်မှာ အဘယ်နည်း။

DPS ကျောင်းများတွင် နှစ်ဘာသာသုံးနှင့် ဒုတိယဘာသာစကားအဖြစ် သင်ကြားသည့်အင်္ဂလိပ်စာဟူ၍ MLE အစီအစဉ် အဓိကအမျိုးအစားနှစ်မျိုးရှိသည်။ DPS ဘာသာစကားနှစ်မျိုးသုံး အစီအစဉ်များကို မိခင်ဘာသာစကားအဖြစ် စပိန်စကားပြောကြားသော ကျောင်းသားများအတွက် စီစဉ်ပေးခြင်းဖြစ်ပြီး ပို့ချချက်များကို စပိန်၊ အင်္ဂလိပ်ဘာသာတို့ဖြင့် ပို့ချပေးမည်ဖြစ်သည်။ DPS ရှိ ဘာသာစကားနှစ်မျိုးသုံးအစီအစဉ်များမှာ TNLI (အကူးအပြောင်းချိန်အတွင်း မိခင်ဘာသာစကားဖြင့် ပို့ချပေးခြင်း) နှင့် နှစ်မျိုးသုံးဘာသာစကား/နိုင်ငံခြားသုံးဘာသာစကားသင် အစီအစဉ်များ ဖြစ်သည်။

ဒုတိယဘာသာစကားအဖြစ် သင်ကြားသောအင်္ဂလိပ်စာ အစီအစဉ်များကို စပိန်စကားမဟုတ်သော အခြားဘာသာစကား ပြောကြားသော ကျောင်းသားများအတွက် အကြံပြုထားပါသည်။ မိဘတစ်ဦးအနေဖြင့် သင်စာရင်းသွင်းချိန်တွင် ပေးသွားမည့် မိဘခွင့်ပြုချက်ပုံစံကို အသုံးပြု၍ သင့်ကလေးအတွက် MLE အစီအစဉ် ဝန်ဆောင်မှုများကို ရွေးချယ်နိုင်သည်။ MLE ဝန်ဆောင်မှုများသည် သင့်ကျောင်းတွင် မရနိုင်ပါက သင့်ကလေးသည် MLE ဗဟိုကျောင်းတစ်ကျောင်းတွင် တက်ရောက်နိုင်မည်ဖြစ်သည်။ သင့်ကျောင်းရုံးခန်းသည် MLE ဗဟိုကျောင်းများနှင့်ပတ်သက်သည့် အချက်အလက်များကို ပိုမိုပေးနိုင်ပါသည်။

## ဒုတိယဘာသာစကားအဖြစ် သင်ကြားသည့် အင်္ဂလိပ်စာ

ဒုတိယဘာသာစကားအဖြစ် သင်ကြားသည့် အင်္ဂလိပ်ဘာသာ (ESL, "ELA-E" ဟုလည်းခေါ်) အစီအစဉ်တစ်ခုတွင် သင့်ကလေး၏ အတန်းများအားလုံးကို အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပေးမည်ဖြစ်သည်။ ဤအစီအစဉ်ရှိ ဆရာများကို ကျောင်းသားများအနေဖြင့် အဖတ်၊ သချာ်နှင့် သိပ္ပံကဲ့သို့ အခြားဘာသာရပ်များ လေ့လာနေစဉ်တွင် အင်္ဂလိပ်ဘာသာစကား သင်ယူရာ၌ အကူအညီပေးရန် အထူးလေ့ကျင့်ထားပါသည်။ သင့်ကျောင်းသည် မိခင်ဘာသာစကားနည်းပြတစ်ဦးဖြင့်လည်း သင့်ဘာသာစကားကို ထပ်ဆောင်းအကူအညီ ပေးနိုင်ပါသည်။

ထို့အပြင် သင့်ကလေးသည် အင်္ဂလိပ်ဘာသာစကား ဖွံ့ဖြိုးရေးဟုခေါ်သော အင်္ဂလိပ်ဘာသာ အပြောနှင့်အရေးကို သင်ကြားရန် ခိုင်မာသည့်အခြေခံတစ်ခု တည်ဆောက်ပေးရန် အားထုတ်လုပ်ဆောင်နေသည့် နေ့စဉ် 45 မိနစ်ကြာ အချိန်တစ်ခု ရရှိမည်ဖြစ်သည်။

**ဒုတိယဘာသာစကားအဖြစ် သင်ကြားသည့် အင်္ဂလိပ်စာဘာသာစကား ဝန်ဆောင်မှုများကို ရွေးချယ်ရန် မိဘခွင့်ပြုချက်ပုံစံရှိ ရွေးစရာ 2 ကို ရွေးချယ်ပါ။**